Apoi naupangte-a kipan naupang zosie pen pantahna hoitaha piehna tawh mailamah a picing le a etlawm khankhuo a nei nading vua i bawlpieh ding uh kisam hi.

ကလေးငယ်ရွယ်စဉ်မှာ ရင်းနှီးမြုပ်နှံပေးရင်ကလေးကို တချိန်မှာလူ့အဖွဲ့အစည်းရဲ့စောင့်ရှောက်ခံအနေအထားကနေ တိုင်းပြည်နှင့်လူ့အဖွဲ့အစည်းကို ကုန်ထုတ်စွမ်းအားပေးသူအဖြစ်ပြောင်းလဲပေးပါတယ်။ မသန်စွမ်းကလေးများမကျန် ကလေးသူငယ်အားလုံးကို ကောင်းမွန်တဲ့စောင့်ရှောက်မှုပေးခြင်းဖြင့် အနာဂတ်ကို လှပအောင်ပုံဖော်ပေးကြစေလိုပါတယ်။

Naupangte khankemin apoi ahem ahi lo nadingun a nu sunga a gai hun sungin kidalkhol thei a, naupaai nupite pen a cidam nadingin hoitahin kemin a kisam bangin sievuonte lahna ziehin apoi le ahem naupangte ang suo lo nadingin kidalkhol thei hi.



ကလေးများဖွံ့ဖြိုးမှုနောက်ကျခြင်း၊ မသန်စွမ်းခြင်းမဖြစ်စေရန် သန္ဓေသားမဖြစ်မီ ကြိုတင်ကာကွယ်နိုင်ပါတယ်။ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျခံယူခြင်းအားဖြင့် အချို့သော မသန်စွမ်းသူများကို ကာကွယ်နိုင်ပါတယ်။

A suo tunga kipan naupang khandan hoitahin velcien in. Nu nawi piehna, khuozahna, le khuomunate sittel piehnate le hun pie-in hanthotnate bawlpieh den in. A khankem ding dinmun ahi leh sievuon siemate tawh a manlang thei thei-in lah pai in.

မီးဖွားချိန်မှစ၍ ကလေးဖွံ့ဖြိုးမှုကို အနီးကပ်စောင့်ကြည့်ပါ။ မိခင်နို့တိုက်ကျွေးခြင်း၊ အမြင်အကြားစစ်ဆေးခြင်း၊ အချိန်ပေး၍လှုံ့ဆော်ပေးခြင်းများပြုလုပ်ပါ။ နှောင့်နှေးနိုင်ဖွယ်ရှိပါက တတ်ကျွမ်းသူများနှင့် စောစီးစွာတိုင်ပင်ပြီး စနစ်တကျပြုစုပျိုးထောင်ရပါမည်။



# APOITE BANG NA CI MU VUOI ?

## မသန်စွမ်းသူတွေအပေါ် သင်ဘယ်လို သဘောထားပါသလဲ



Apoi i cite pen amau' pumpi kicinlana ahi sihle a poinate uh sangin kim le pam in amaute adingin bangma a ngaisut pieh lo ziehun amaute mipoi suoh uh hizaw hi. Gentena-in lam pei thei lo, khuo mu thei lo mite adingin ngaisut pieh lona, le vaihawm pieh lonate). Apoi i cite in a poi vangin sep thei nei veve ahi ziehin amaute pen "apoi nasem thei lote" kici nawn loin "apoi nasem theite" a kici zaw sawt zo ta hi. Sin thei khuon le sep thei khuon kipie hileh apoi naupangte in zong a cidam naupangte ma bangin sin thei sem thei veve uhi.

မသန်စွမ်းသူတွေဟာ သူတို့ရဲ့ ခန္ဓာကိုယ်မသန်စွမ်းမှုထက် လူ့အဖွဲ့အစည်းရဲ့ သူတို့အပေါ်ထားသည့် သဘောထားနှင့် သူတို့အတွက် ထည့်သွင်းစဉ်းစားပေးခြင်းမရှိတဲ့ ရုပ်ပတ်ဝန်းကျင်အနေအထား (ဥပမာ - လမ်းမလျှောက်နိုင်သူ၊ မမြင်နိုင်သူတွေ သွားလာလွယ်ကူအောင်မလုပ်ပေးထားခြင်း)က သူတို့ကို မသန်



မစွမ်းသူတွေ ဖြစ်သွားစေတာပါ။ မသန်ပေမဲ့စွမ်းဆောင်သူတွေဖြစ်တဲ့အတွက် - မသန်မစွမ်းမဟုတ်-မသန်စွမ်းလို့-ပြောင်းလဲခေါ်ဝေါ်သတ်မှတ်တာကြာခဲ့ပါပြီ။ မသန်စွမ်းကလေးတွေဟာ သာမန်ကလေးတွေလိုပဲ အခွင့်အလမ်းရှိရင် သင်ယူဖွံ့ဖြိုးနိုင်ကြပါတယ်။

A tahtahin ci leih nu le pate, innkuonpite, le amaute a panpi ding mite in amaute tungah lametna lungsim kici a nei sih uhi. Tua ziehin tasapna tampitah a omna mun ahi Kawlgam sunga pieng naupangte pen "apoi" ahi sih le "a khankem" ahi sih le "an kham zo lo" ahi sih le "pound cing zo lo" ci banga ang suoh ahi uhi.

လက်တွေ့မှာတော့ မိဘ၊ မိသားစုဝင်တွေနှင့်ဝန်ဆောင်မှုပေးမယ့်သူတွေရဲ့မသန်စွမ်းကလေးတွေအပေါ်မှာ အနှုတ်သဘောဆောင်တဲ့စိတ်နေသဘောထားတွေကို တွေ့နေရပါတယ်။ အဖက်ဖက်က လိုအပ်မှုတွေများပြားလွန်းတဲ့ အခြေအနေမှာမွေးဖွားလာတဲ့ကလေးတစ်ချို့ဟာလူ့လောကကိုရောက်လာကတည်းကမသန်စွမ်းကလေး (သို့) ဖွံ့ဖြိုးမှုနှောင့်နှေး (သို့) အာဟာရမပြည့် (သို့) ကိုယ်အလေးချိန်မပြည့်တဲ့ကလေးအဖြစ် မွေးလာကြရတယ်။

Hluoh ngaisutna a khanto pen hun ahi a nu sunga a gai lai-a kipan kum (3) neisie a pha naupangte in a kicing pantahna a nga dan uh tawh kizui-a khangto ahi uhi. Tami hun sungin a khankem dinga kisa naupang khat in pantahna hoitahin nga hi leh a hluohbu sung panin plasticity a kici a siete a bawlpha theikia thahatna in a cidam naupang khat ahi theikia nadingin panpi thei hi. Tua banga pantahna a nga lo naupangte pen "a khankem naupang hina" panin "apoi ahi sih le ahem naupang" dinmun ah tung thei hi.

ဦးနှောက်ဖွံ့ဖြိုးမှုအကောင်းဆုံးအချိန်ဖြစ်တဲ့ သန္ဓေသားကနေအသက်၃နှစ်အောက်အရွယ်မှာ ထိရောက်တဲ့ စောင့်ရှောက်မှုတွေ ရရင်ရသလို ကလေးကိုဖွံ့ဖြိုးမှုအထောက်အကူပြုပါတယ်။ ဒီအရွယ်မှာ ဖွံ့ဖြိုးမှုနှောင့်နှေးနေတဲ့ အခြေအနေမှာရှိနေတဲ့ကလေးတွေဟာ ကောင်းမွန်သောစောင့်ရှောက်မှုရရင် ဦးနှောက်ထဲက





Plasticity ဆိုတဲ့ပြန်လည်ပြုပြင်ပုံသွင်းနိုင်တဲ့စွမ်းအားက သာမန်ကလေးတယောက်လိုပြန်ဖြစ်သွားဖို့ အထောက်အကူပြုပါတယ်။ တစ်ဖက်ကလဲ အဲလိုစောင့်ရှောက်မှုမရရင် ဖွံ့ဖြိုးမှုနှောင့်နှေးတဲ့ အနေအထားကနေ မသန်စွမ်းတဲ့ကလေးအနေအထားကို ကူးပြောင်းသွားပါလိမ့်မည်။

A suoh nausen zosie pen (a cidam naupang ahi a, a khankem naupang ahi a, apoi nasem thei naupang ahi zongin) a kisam bulpite ahi itna le ngaina lahna, a cidam nading an le tui piehna, ki-apmaipinate tawh thapiehna a nga cieng behin a khanto ding za-in khangto thei pan ding hi. Naupang ahi hun sungin naupang khat pen a kicing pantahna piehna pen gam le lei khanto nadinga pantahna zong ahi hi.

မွေးဖွားလာတဲ့ ကလေးငယ်တိုင်း(သာမန်ကလေးဖြစ်စေ၊ ဖွံ့ဖြိုးမှုနှောင့်နှေးတဲ့ကလေးဖြစ်စေ၊ မသန်စွမ်းကလေးဖြစ်စေ) အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ချစ်ချင်းမေတ္တာ၊ တွယ်တာမှု၊ ကျန်းမာရေးနှင့်အာဟာရ၊ ဆော့ကစားခြင်း၊ အားပေးလှုံ့ဆော်မှုပေးမှုတွေရမှ သူတို့ဖွံ့ဖြိုးနိုင်စွမ်းရှိသလောက် ဖွံ့ဖြိုးခွင့်ရကြမှာဖြစ်ပါတယ်။ ကလေးသူငယ်အရွယ်မှာ ရင်းနှီးမြှုပ်နှံပေးခြင်းဟာ တိုင်းပြည်ကိုတည်ဆောက်နေခြင်းဖြစ်ပါတယ်။

A naupan hun sungun a kicing pantahna pie hi leih hun khat ciengin veng le paamte' kep le huoi hina panin gam le lei ading thagui thatanga kizang thei naupangte kisuohsah thei hi.

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် နေရာပြန်လည်ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ Unicef (မြန်မာ)၊ The Leprosy Mission Myanmar ၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်(မွေပညာဌာန)နှင့် တိုင်းရင်းသား စာပေနှင့် ယဥ်ကျေးမှုကော်မတီများ ပူးပေါင်းရေးသားပြုစုသည်။